



ထင်ဇော်မှူးသင်(မြန်မာပြန်)

(အနှစ်ချုပ်)

Sam Walton: Made in America အနှစ်ချုပ်ဘာသာပြန်
ထင်ဇော်မှူးသင် (မြန်မာပြန်)

*

မူရင်းစာရေးဆရာ Sam Walton ရေးသားထားသော Sam Walton: Made in America စာအုပ်၏ အနှစ်ချုပ်ကို ထင်ဇော်မှူးသင် ဘာသာပြန်သည်။

**မဟာစီးပွားရေး ကျဆင်းသည့်ကာလတွင် ကြီးပြင်းလာရသည့် ဆမ်ဝေါတန်အဖို့ ပင်ပန်းကြီးစွာ အလုပ်လုပ်ရခြင်း၏ တန်ဖိုးကို ကောင်းစွာ နားလည်သည်။**

ဆမ်ဝေါတန်ကို ၁၉၁၈ ၌ အိုကလာဟိုမားရှိ ကင်းဖစ်ရှာတွင် အခြေခံလူတန်းစားမိသားစုမှ မွေးဖွားခဲ့သည်။ ဝေါတန်မိသားစုသည် သိပ်မရှိရှာသော်လည်း သားသမီးကို ကောင်းစွာ စောင့်ရှောက်ခဲ့သည်။ ဆမ်၏အဖေသောမတ်သည် ရိုးသားပြီး အလုပ်ကြိုးစားသူ ဖြစ်သည်။ သူ့မိသားစုကို ကျွေးမွေးနိုင်ဖို့ အလုပ်ပေါင်းစုံကို လုပ်ခဲ့သည်။ မာနကြောင့် အကြွေးမယူခဲ့ချေ။ ထို့ကြောင့်လည်း ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းတစ်ခုကို မစတင်နိုင်ခဲ့ချေ။ ဆမ်ဝေါတန်သည် ယင်း အချက်ကို ကောင်းစွာ သဘောပေါက်ခဲ့ပြီး သူ့လုပ်ငန်းကို စတင်နိုင်ဖို့ လိုအပ်သည့် ငွေကြေးကို ချေးယူခဲ့သည်။ ဆမ်၏အမေဖြစ်သူ နန်းကတော့ တစ်မျိုးတစ်ဖုံ။ သူက စွန့်ဦးတီထွင်သူ ပိုဆန်ပြီး မိသားစုကို အပိုဝင်ငွေရအောင် အကြံရတတ်သူဖြစ်သည်။ စီးပွားရေး ကပ်ဆိုက်သည့် ၁၉၂၀ နှင့် ၁၉၃၀ ကာလအတွင်း နန်းသည် တနိုင်တပိုင် နွားနို့

ရောင်းသည့် လုပ်ငန်းစခဲ့သည်။ ဆမ်က နို့ညှစ် သည်။ သူ့အမေက ပုလင်း ထည့်သည်။ ထို့နောက် အိမ်နီးနားချင်းများကို ဆမ်က လှည့်ရောင်းသည်။

ယင်းကဲ့သို့သော ကလေးဘဝအတွေ့အကြုံများက ဆမ့်ကို သူ ဘဝသူ ရပ်တည်နိုင်ဖို့ အလုပ် ကြိုးစားရန် လိုကြောင်း နားလည်စေခဲ့သည်။ မိသားစု အပိုဝင်ငွေရအောင် ရှာသော သူ့အမေကို အားကျရင်းဖြင့် ဆမ် သည် အသက်ရှစ်နှစ် ကတည်းက အလုပ် စလုပ်ခဲ့သည်။ အနီးအနား ပတ် ဝန်း ကျင်တွင် မဂ္ဂဇင်းများကို လိုက်ရောင်းသည်။ ခုနစ်တန်းအရောက်တွင် သတင်းစာ လိုက်ပို့သည်။ ကောလိပ်ကျောင်း ဘွဲ့ရသည်အထိ အလုပ်လုပ်၊ ငွေရှာသည်။ တစ်ခါတစ်ရံ သူ့ကို ကူဖို့ လူပင် ငှားရ သေးသည်။ သတင်းစာ ပို့သည့် အလုပ်ကို လုပ်ငန်းငယ်အဖြစ် ဖန်တီးလိုက်ပြီး တစ်နှစ်ကို ဒေါ်လာ ငါးထောင်ဝင်အောင် လုပ်နိုင်ခဲ့သည်။ ယင်းအတွေ့အကြုံများက ငယ်ရွယ် သူ ဆမ်ဝေါတန်ကို အရေးကြီးသည့် သင်ခန်းစာပေးခဲ့သည်။ အလုပ် ကြိုးစားခြင်းသည် အကျိုးရှိ၏။

အသက် နှစ်ဆယ့်ခုနစ်နှစ်တွင် ကိုယ်ပိုင် စီးပွားရေးလုပ်ငန်း တစ်ခုကို စ လုပ်ဖို့ ဆမ်ဝေါတန် ပြင်ဆင်နေသည်။ ထိုအချိန်၌ အောင်မြင်ချင်သည့် သူ၊ လောကတွင် ရှေ့မှ သွားချင်သည့် သူ့အနေ ဖြင့် ကြိုးစားနေဖို့ အမြဲ စိတ် အားထက်သန်ရမည်ကို သိခဲ့ပြီးဖြစ်သည်။

***